# Media Monitoring Report

## အထူးထုတ် – ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

## ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေး

### နေပြည်တော်၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်




*Credit : Shan News*

## နောက်ခံအကြောင်းအရာ[1-2]

မြန်မာအစိုးရသည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစုပင်လုံ တတိယအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး ညီလာခံသို့ အစိုးရ ၊ တပ်မတော် ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်အဖွဲ့ဝင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များစသည်ဖြင့် ကိုယ်စားလှယ် ရာပေါင်းများစွာ တက်ရောက်ခဲ့ကြသည်။

ညီလာခံသည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ဆယ်စုနှစ်များစွာကြာ ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်နိုင်ရန်နှင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့( ၈) ဖွဲ့များမှ လက်မှတ်ရေးထိုးထားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် သဘောတူညီထားသည့်အတိုင်း လွတ်လပ်မှု၊ တန်းတူညီတူရှိမှုနှင့် တရားမျှတမှု အပေါ်အခြေခံ၍ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်နိုင်ရန်အလို့ငှာ အုတ်မြစ်ချမှတ်နိုင်ရန် အတွက် အစိုးရ၏ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်သည်။



*Credit: Myanmar State Counselor's Office*

လက်ရှိအရပ်သားအစိုးရသည် ငြိမ်းချမ်းရေးရရှိစေရန် ဦးစားပေးလုပ်ဆောင်နေခဲ့သော်လည်း ရှမ်းနှင့် ကချင်ပြည်နယ်များတွင် ဆက်လက်ဖြစ်ပွားနေသောတိုက်ပွဲများနှင့် NCA လက်မှတ်ထိုးပြီးသည့်အဖွဲ့များနှင့် အငြင်းပွားမှုများ ၊ အထူးသဖြင့် မတ်လ၌ ကရင်အမျိုးသားအစည်းအရုံး(KNU) နှင့်ဖြစ်ပွားခဲ့သောတိုက်ပွဲများသည် ၂၀၁၈ ခုနှစ် ၊ ဇူလိုင်လထိတိုင် ညီလာခံကျင်းပရန် အဟန့်အတားဖြစ်စေခဲ့သည်။

ယခင်ညီလာခံနှစ်ရပ်ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လနောင်းပိုင်းနှင့် ၂၀၁၇ ခုနှစ် ၊ မေလတွင် ကျင်းပခဲ့ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးသဘောတူညီချက် ဦးဆုံးအပိုင်းအဖြစ် အချက် (၃၇)ချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အချက်များမှာ နိုင်ငံရေး ၊ စီးပွားရေး ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ၊ နှင့် လူမှုရေး စသည်တို့ဖြစ်ကြသည်။

## အဖွင့်အမှာစကားပြောကြား [3-8]

အစိုးရ ၊ တပ်မတော် ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများကိုယ်စား နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန် တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

**<u>နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်</u>**

နိုင်ငံတော်အတိုင်ပင်ခံမှ ညီလာခံကျင်းပမှုနှောင့်နှေးရခြင်း အကြောင်းအရင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး နိုင်ငံအတွက် နိုင်ငံရေးအဖြေရှာမှုကို အတူတကွ ရှာဖွေရန်အလို့ငှာ ဤကဲ့သို့သောညီလာခံမျိုး ကျင်းပခြင်းသည် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်။

"ကျွန်မတို့ နိုင်ငံရေးဆွေးနွေးပွဲ ကြန့်ကြာမှု၊ နှောင့်နှေးမှုတွေကြောင့် ငြိမ်းချမ်းရေးရရှိဖို့အတွက် ကျွန်မတို့ပြည်သူတွေရဲ့ အခွင့်အလမ်းတွေကို အလဟဿ ဖြုန်းတီးရာရောက်ရှိသွားမှာကိုလည်း စိုးရိမ်မိကြောင်း အထူးအလေးအနက်ထားပြီး ထောက်ပြလိုပါတယ်။ ဒါကြောင့် ဒီနေ့မှာ ကျွန်မတို့ ဒီလိုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်းအားဖြင့် ပြဿနာတွေကို နိုင်ငံရေးအရ ဖြေရှင်းဖို့ ကြိုးပမ်းရခြင်းဖြစ်ပါတယ်။"

လက်နက်ကိုင်အဖွဲ့များအားလုံးကို NCA လက်မှတ်ရေးထိုးရန် ဖိတ်ကြားရင်း "NCA သည် အင်အားစုအားလုံးကို ဆုံစည်းနိုင်အောင် ဆောင်ကျဉ်းပေးနိုင်ခဲ့တဲ့ ဆုံမှတ်တစ်ခုဖြစ်သလို ကျွန်မတို့အားလုံးရဲ့ ပန်းတိုင်ကို ဆက်ပြီးလျှောက်လှမ်းနိုင်အောင် အစပြုတဲ့ စမှတ်တိုင်တစ်ခုလည်းဖြစ်ပါတယ် " ဟု အမျိုးသားရင်ကြားစေ့ရေးနှင့်ငြိမ်းချမ်းရေးစင်တာ၏ ဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

"ကျွန်မတို့ဟာ NCA သဘောတူညီချက်တွေမှာပဲ ရပ်တန့်နေတာ၊ တုန့်ဆိုင်းနေတာ မဟုတ်ပါဘူး။ တိုက်ပွဲတွေ အဆုံးသတ်နိုင်ဖို့အတွက် အဖွဲ့အစည်းအားလုံးက လက်ခံတဲ့ နိုင်ငံရေးသဘောတူညီရရှိဖို့ အရေးကြီးပါတယ်။"

NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ၎င်းတို့အတွက် ငြိမ်းချမ်းရေးတံခါး အစဉ်အမြဲ ဖွင့်လှစ်ထားကြောင်း သူမက ပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရမှ လေ့လာသူအဖြစ် ဖိတ်ကြားထားသည့် ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီမှ ဦးဆောင်သည့် ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ(သို့) မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်မဟာမိတ်အဖွဲ့အစည်းက အဖွဲ့ဝင် (၇)ဦး ညီလာခံသို့ တက်ရောက်ခဲ့ကြသည်။

**<u>တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်</u>**

ဗိုလ်ချုပ်မှူးကြီးက NCA စာချုပ်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းတွေနှင့်အညီ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြုပေးခဲ့သော စာချုပ်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့ပြီး နိုင်ငံအတွက် ရေရှည်ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲရေးရလဒ်ရသည်အထိ ဆက်လက်ဆောင်ရွက်ဖို့ လိုကြောင်း ပြောကြားခဲ့သည်။

" ဒါကြောင့် NCA ကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတိုင်းက လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေမရှိလို့ လက်မှတ်ထိုးစရာ မလိုဘူးလို့ ပြောဆိုနေတာတွေ၊ ယခင်သဘောတူညီချက်တွေရှိပြီးဖြစ်တယ်လို့ ဆိုနေတာတွေဟာ လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီကျင့်ဝတ်တွေနဲ့ ညီညွတ်မှုမရှိဘူးလို့ ပြောလိုပါတယ်. . . ။"

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောကြားခဲ့သော မိန့်ခွန်းတွင် ငြိမ်းချမ်းရေးလုပ်ရာ၌ ၎င်းတို့လိုချင်သည့်ပုံစံအတိုင်းသွားရမည်ဟု မီးမောင်းထိုးပြောကြားခဲ့သည်။

"ငြိမ်းချမ်းရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က တက်ကြွစွာ ဦးဆောင် ဆောင်ရွက်နေခြင်းဟာ ကျွန်တော်တို့မှာ အင်အားချည့်နဲ့နေလို့ မဟုတ်ဘူးဆိုတာကို သတိချပ်စေလိုပါတယ်။ အမှန်တကယ် ငြိမ်းချမ်းရေးလိုချင်တဲ့ အဖွဲ့အစည်းမှန်သမျှ သဘောတူညီချက်တွေကိုသာ လိုက်နာရင် ဘာသေနတ်သံမှကြားရမှာ မဟုတ်ပါဘူး" ဟု ဗိုလ်ချုပ်မှူးကြီးက ပြောကြားခဲ့သည်။

ကိုယ့်လူကိုသာ နိုင်အောင်ထိန်းဖို့ အဓိပ္ပာယ်ကင်းမဲ့တဲ့ အကြောင်းပြချက်အမျိုးမျိုး မပေးဖို့လိုပါမယ် ဟု NCA လက်မှတ်မထိုးထားသည့်အဖွဲ့များကို တိုက်ရိုက်ပြောကြားခဲ့သည်။

သို့သော်လည်း ၎င်း၏မိန့်ခွန်းတွင်  ငြိမ်းချမ်းရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က တက်ကြွစွာ ဦးဆောင် ဆောင်ရွက်နေခြင်းဟာ ကျွန်တော်တို့မှာ အင်အားချည့်နဲ့နေလို့ မဟုတ်ဟု ပြောကြားခြင်းအပေါ် တိုင်းရင်းသားလက်နက်ကိုင်များအတွင်း စိုးရိမ်ပူပန်မှုများ ဖြစ်ဖြစ်ပေါ်လာစေခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏သဘောထားသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် သတိပေးလိုက်ပုံရကြောင်း ကေအဲန်ယူ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက ပြောခဲ့သည်။

"မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးတည်ဆောက်တဲ့အခါ အဖွဲ့တွေက အင်အားကြီးတာ မကြီးတာ ကိစ္စမရှိဘူး။ အဓိကအချက်က တိုင်းရင်းသားလက်နက်ကိုင်တွေအားလုံးပါဝင်နိုင်ဖို့ပါပဲ၊ ဒါမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အောင်အောင်မြင်မြင် ပြုလုပ်နိုင်မှာပေါ့ " ဟု ၎င်းက ပြောသည်။

တိုင်းရင်းသားအဖွဲ့မှ  တချို့သောကိုယ်စားလှယ်များသည်  ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏  ယနေ့အစောပိုင်းမိန့်ခွန်းတွင်ပြောကြားခဲ့သောမှတ်ချက်များအပေါ်  ဆက်လက်၍ စိုးရိမ်မှုများ ရှိနေခဲ့ကြသည်။






**နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့်  တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်**
*Credit: Associcate Press*







**တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများကိုယ်စား ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးနှင့် ဒေါ်အေးနုစိန်တို့မှ ညီလာခံတွင် အဖွင့်အမှာစကားပြောကြားစဉ်**
*Credit: Getty Images & Mizzima*

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး**

ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက တိုင်းပြည်အတွက်အမျိုးသားရေး စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် မတူညီကွဲပြားသည့်အမြင်များအပေါ် မိန့်ခွန်းပြောကြားခဲ့သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးသူများကိုယ်စားမိန့်ခွန်းပြောကြားခဲ့ပြီး ၎င်း၏မိန့်ခွန်း၌...

" တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို စစ်ရေးအရ ဖိအားပေးခြင်း၊ အတင်းအကျပ် တည်ဆောက်လို့မရပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုင်းရင်းသားလူမျိုးများအကြား လွတ်လပ်မှု၊ တန်းတူညီမျှတမှု ၊ တရားမျှတမှု အခြေခံတရားများဖြင့်သာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ယုံကြည်မှု၊ နားလည်မှု ၊ စာနာမှုတွေနဲ့ တည်ဆောက်ရမှာဖြစ်ပါတယ်။"

" နိုင်ငံရေးဆွေးနွေးပွဲတွေကို ကတိုက်ကရိုက်ပြုလုပ်ခြင်းက အမျိုးသားရင်ကြားစေ့ရေးကို အကူအညီမဖြစ်စေပါဘူး၊ ပြဿနာတွေကိုလည်း ဖြေရှင်းမှု မပြုနိုင်ပါဘူး။"

**ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးနုစိန်**

နိုင်ငံရေးပါတီများကိုယ်စား ရခိုင်အမျိုးသားပါတီ ဒုတိယဥက္ကဋ္ဌဒေါ်အေးနုစိန်က လူအများစုဗမာများနှင့် လူနည်းစု တိုင်းရင်းသားအဖွဲ့များအတွင်း ပြဿနာများအား မည်ကဲ့သို့ဖြေရှင်းရမည်ဆိုသည့်အပေါ် သူမ၏အမြင်များကို ဝေမျှခဲ့သည်။

“ တိုင်းရင်းသားအင်အားစုတွေကို သဘောထားကျဉ်းမြောင်းသူတွေ အစွန်းရောက်သူတွေလို့ မမှတ်ယူသင့်ပါဘူး။ အင်အားကြီးတဲ့ အင်အားစုတွေ အထူးသဖြင့် ဗမာပါတီကြီးတွေအပါအဝင် ခိုင်မာစွာတည်ဆောက်ထားတဲ့ တပ်မတော်ရဲ့ သဘောထားကြီးမှုကို ကျွန်မတို့ မျှော်လင့်ချင်ပါတယ်။ သဘောထားကြီးမှုအောက် သဘောထားကျဉ်းမြောင်းမှုတွေဟာ မှုန်ဝါးပျောက်ကွယ်သွားကြရစမြဲ ဖြစ်ပါတယ်။ ”

## ညီလာခံမတိုင်မီ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေး၌ အဆိုပြုထားသည့် ခေါင်းစဉ်များအား ပယ်ချခဲ့ [12]

ညီလာခံမတိုင်မီ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေး၌ ပင်လုံညီလာခံတွင် တရားဝင်ဆွေးနွေးရန်အတွက် အဆိုပြုထားသည့်ငြိမ်းချမ်းရေးခေါင်းစဉ် ၃၂ ခုတွင် ၁၂ ခုကိုသာ အတည်ပြုကြောင်း ကြေငြာခဲ့သည်။ UPDJC ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးညီလာခံများ ကျင်းပခြင်းအပါအဝင် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်အား ကြီးကြပ်ခြင်းနှင့်ဆွေးနွေးခြင်းများပြုလုပ်ရန်အတွက် တာဝန်ယူထားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့တွင် တပ်မတော်၊ အစိုးရနှင့် အမျိုးသားလွှတ်တော်မှ (၅)ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ (၅)ဦးနှင့် မှတ်ပုံတင်စာရင်းသွင်းထားသည့် နိုင်ငံရေးပါတီများမှ(၅)ဦး စသည်ဖြင့် စုစုပေါင်း(၁၅)ဦး ပါဝင်သည်။

ညီလာခံတစ်ခုစီမတိုင်မီ အတွင်းရေးမှူးအဖွဲ့သည် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ (TWC)မှ တင်သွင်းသည့် မူဝါဒစာတမ်းများကို ပြန်လည်သုံးသပ်ရန် တာဝန်ယူပြီး မူဝါဒဆိုင်ရာမူကြမ်းစာတမ်းကို ထုတ်လုပ်သည်။ စာတမ်းကို UPDJC မှ အပြည့်အဝအတည်ပြုပြီးနောက် ထိုစာတမ်းကို ပင်လုံညီလာခံသို့ တင်သွင်းခဲ့သည်။ ညီလာခံတွင် အတည်ပြုခြင်းဖြင့် ထိုစာတမ်းမှစာသားများသည် အနာဂတ်ဒီမိုကရေစီပြည်ထောင်စုကို အခြေတည်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးစာချုပ်၏ တစိတ်တပိုင်းဖြစ်လာမည်ဖြစ်သည်၊

ပယ်ချခြင်းခံရသည့် အချက်အများစုမှာ နိုင်ငံရေး၊ စီးပွားရေးနှင့် ဆက်နွယ်နေသည့် အချက်များဖြစ်သည်။ TWC သည် နိုင်ငံရေးဆိုင်ရာခေါင်းစဉ် (၇)ခုနှင့် စီးပွားရေးဆိုင်ရာခေါင်းစဉ် ( ၁၁)ခုကို အဆိုပြုခဲ့ပြီး ယင်းတို့ထဲမှ နှစ်ခုနှင့် တစ်ခုသာ အသီးသီး အတည်ပြုခြင်းခံခဲ့ရသည်။

နိုင်ငံရေးဆိုင်ရာခေါင်းစဉ်နှစ်ရပ်၌ ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု မူလေးချက်ပါဝင်ခဲ့ပြီး ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး(၃၀)ရာခိုင်နှုန်းပါဝင်ရေးကို အားပေးရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ကျား/မ ရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့်အချက်များပါဝင်သည်။ သို့သော်လည်း UPDJC သည်

အမျိုးသမီးများနှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အတွက် ကာကွယ်စောင့်ရှောက်မှုပိုင်းဆိုင်ရာနှင့်စပ်လျဥ်းသည့် အခြားသောကျား/ မ ဆိုင်ရာများနှင့်ဆက်စပ်သည့် အဆိုပြုချက်များကို ပယ်ချခဲ့သည်။

စီးပွားရေးကဏ္ဍတွင် အခွန်အခကောက်ခြင်းနှင့် သဘာဝသံယံဇာတအရင်းအမြစ်များမှ ရလာသည့်ဝင်ငွေများအား မျှဝေသုံးစွဲခြင်းစသည့်အချက်များကို ဆွေးနွေးရန်အတွက် အတည်ပြုခဲ့သည်။ အတည်ပြုခဲ့သည့် အခြားသောခေါင်းစဥ်များမှာ လူမှုရေးရာများနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်စသည်တို့နှင့်သက်ဆိုင်သည့် ခေါင်းစဥ်များဖြစ်ကြသည်။


Credit : Myanmar Times

အဆိုပြုခဲ့သည့်ခေါင်းစဥ်များကို ပယ်ချခြင်းသည် UPDJC အစည်းအဝေး တက်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ စေ့စပ်ညှိနှိုင်းသူများနှင့် အချို့သောနိုင်ငံရေးပါတီများမှ စေ့စပ်ညှိနှိုင်းသူများကို စိတ်ပျက်စေခဲ့သည်။

ယမန်နှစ်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကိုကျင်းပခြင်းနှင့် ပင်လုံတွင်ဆွေးနွေးရန်အတွက် အဆိုပြုချက်များကို ချဲ့ထွင်ခြင်းနှင့် အပြီးသတ်ခြင်းပြုလုပ်ရန် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီအစည်းအဝေးများအား တက်ရောက်ခြင်းအားဖြင့် ဆွေးနွေးပွဲများအတွက် ကြိုတင်ပြင်ဆင်ခဲ့သည်သာမက UPDJC စိစစ်မှုလုပ်ငန်းစဥ်မှတဆင့် တချို့ကို ဆောင်ရွက်ခဲ့သည်။

## ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် အချက်(၁၄)ချက်ကို လက်မှတ်ရေးထိုး [8-12]

ခက်ခဲသောဆွေးနွေးမှုများ ခြောက်ရက်တာဆွေးနွေးပြီးနောက် တတိယအကြိမ်ကျင်းပသည့် ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ၌ ပါဝင်သူများသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်စသည့်ကဏ္ဍများပါဝင်သည့် အချက်(၁၄)ချက်ကို ပြည်ထောင်စု သဘောတူစာချုပ်၏အစိတ်အပိုင်း(၂)အဖြစ် သဘောတူခဲ့ကြပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများစသည်တို့မှ ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ (နောက်ဆက်တွဲတွင် ဖော်ပြထားသည်)

အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း တင်းမာမှုများ ရှိသော်လည်း အောက်ပါသဘောတူညီမှုများထွက်ပေါ်လာခဲ့သည်။

- နိုင်ငံရေးကဏ္ဍ အခြေခံမှု(၄)ချက်တွင် ကျား/မ ဆိုင်ရာ တန်းတူညီမျှမှုပါဝင်ပြီး ကဏ္ဍအသီးသီးတွင် အမျိုးသမီးများအနည်းဆုံး ၃၀ ရာခိုင်နှုန်းပါဝင်ရန်၊ အမျိုးသမီးအကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန်နှင့် အမျိုးသမီးများ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် စသည်တို့ပါဝင်သည်။

- စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ အချက်တစ်ချက်သာပါဝင်သည်။ ထိုအချက်မှာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်ခွင့်ရှိသည်။

- လူမှုရေးကဏ္ဍတွင် အချက်ခုနစ်ချက် အတည်ပြုနိုင်ခဲ့ပြီး လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သည့် အားလုံးအကျုံးဝင် ပညာရေးစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်၊ အမျိုးသမီးများ၏အခွင့်အရေးကို အာမခံချက်ပေးနိုင်သည့်ဥပဒေများပြဌာန်းနိုင်ရေးနှင့် မူးယစ်ဆေးဝါးများ အလွဲသုံးမှုဆိုင်ရာအန္တရယ်လျှော့ချရေး စသည့်အချက်များ ပါဝင်သည်။

- မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ပါဝင်သည့် အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများခေါင်းစဥ်အောက်တွင် နိုင်ငံသားများသာ မြေယာပိုင်ဆိုင်ခွင့်အပါအဝင် မြေယာကိုအသုံးပြု၍ စီမံကိန်းများအကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည်ဟူသည့် အချက်နှစ်ချက်ပါဝင်သည်။

တတိယအကြိမ် ပင်လုံညီလာခံတွင် ကဏ္ဍလေးခုမှ အချက် ၁၄ ချက်အပြင် ပြီးခဲ့သည့် ဒုတိယကြိမ် ညီလာခံအစည်းအဝေးတွင် ၃၇ ချက်ကို လက်မှတ်ရေးထိုးခဲ့ပြီဖြစ်သောကြောင့် ပြည်ထောင်စုသဘောတူစာချုပ်တွင် စုစုပေါင်း ၅၁ ချက်ကို ထည့်သွင်းလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။




*Credit : Mon News Agency*

ပါဝင်သူများအတွင်း မတူညီကွဲပြားမှုများရှိသော်လည်း နှစ်ဦးနှစ်ဖက်အပြန်အလှန်အားထုတ်မှုများမှတဆင့် နိုင်ငံရေးဆွေးနွေးပွဲများဆက်လက်ကျင်းပနိုင်စွမ်းရှိပြီး ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)ကို လက်မှတ်ရေးထိုးခြင်းအားဖြင့် ညီလာခံသည် ရပ်တန့်သွားမည်မဟုတ်ပဲ ရှေ့သို့ခက်ခက်ခဲခဲတက်လှမ်းနေကြောင်းကို နိုင်ငံတော်အတိုင်ပင်ခံက ပြောကြားခဲ့သည်။

သို့သော်လည်း ညီလာခံ၌ လုံခြုံရေးဆိုင်ရာကဏ္ဍတွင် သဘောတူညီမှုများ မရရှိခဲ့ကြောင်း၊ လုံခြုံရေးဆိုင်ရာသဘာတူညီမှုကို အားလုံးအတွက် တန်းတူညီတူအခွင့်အရေးနှင့် တရားမျှတမှုအပေါ်အခြေခံ၍ အဖွဲ့အစည်းများက ခိုင်မာသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မှသာ သဘောတူညီမှုရရှိနိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံက ပြောကြားခဲ့သည်။ လုံခြုံရေးပိုင်းဆိုင်ရာကိစ္စရပ်များကို သဘောတူညီမှုရရှိရန်အတွက် လက်ရှိနိုင်ငံရေးမူဘောင်၊ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဒီဖိုင်းများကို ပြန်လည်သုံးသပ်ကြရန် သူမက အကြံပြုခဲ့သည်။

"ဒီညီလာခံကြီးမှာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေပြုလုပ်ကြတဲ့အခါ အားလုံးကသဘောတူညီနိုင်တဲ့အချက်ရှိသလို၊ အားလုံးသဘောတူညီဖို့ခက်တဲ့ အချက်တွေကိုလည်း တွေ့ရပါတယ်။ ဆွေးနွေးမှုတွေမှာ ပါဝင်ကြတဲ့ အစုအဖွဲ့တွေမှာ နောက်ခံသမိုင်းတွေမတူသလို၊ အနာဂတ်ကို ပုံဖော်ပုံခြင်းလည်း မတူကြပါဘူး။ ဒီလိုမတူညီတဲ့အမြင်တွေကြားထဲကနေ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်ရတာဖြစ်တဲ့အတွက် အချိန်ယူစိတ်ရှည်သည်းခံပြီး ရလဒ်ထွက်အောင်ညှိနှိုင်းရတဲ့လုပ်ငန်းစဉ်မှာ စိန်ခေါ်မှုတွေအများကြီးရှိတယ်နေပါတယ် " ဟု နိုင်ငံတော်အတိုင်ပင်ခံက ပြောကြားခဲ့သည်။

"ပြီးပြည့်စုံတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီမှုဖြစ်ဖို့ဆိုတာ လုံခြုံရေးကဏ္ဍဆိုင်ရာ သဘောတူညီချက်တွေ ပါဝင်မှဖြစ်မှာပါ။ ဒီအခက်အခဲတွေ ပြေလည်အောင်ဖြေရှင်းပေးနိုင်ဖို့ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံရေးဆွေးနွေးမှု မူဘောင်၊ ဖွဲ့စည်းတည်ဆောက်မှုနဲ့ ဒီဖိုင်းတွေကို အရှိအတိုင်း ရဲရဲတင်းတင်း ပြန်လည်သုံးသပ်ပြီးပိုမိုကောင်းမွန်တဲ့ လုပ်ငန်းစဉ်ဖြစ်ပေါ်လာအောင် ကျွန်မတို့ဆက်လက်ပြီး ကြိုးပမ်းကြရအုံးမှာ ဖြစ်ပါတယ်။"

အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် အနာဂတ်ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည့် ငြိမ်းချမ်းရေးမဟာဗျူဟာတစ်ခု ပေါ်ထွက်လာနိုင်ရန်လိုအပ်ကြောင်း၊ ဒီမဟာဗျူဟာကိုအခြေခံပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို သင့်လျော်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်း အကြံပြုခဲ့သည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေး ပြီးဆုံးခြင်းနှင့် သဘောထားထုတ်ပြန်ကြေညာခြင်း [13-15]

ညီလာခံအပိတ်မိန့်ခွန်းပြောကြားရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ၏ထိရှလွယ်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသည့် အပြုသဘောဆောင်သောရလဒ်များ ညီလာခံ၌ထွက်ပေါ်လာခြင်းကို သူမအနေနှင့် အလွန်ပင် ကျေနပ်အားရမှုရှိကြောင်း ပြောကြားခဲ့သည်။

ညီလာခံကျင်းပနိုင်မှုနှင့်အတူ ရလဒ်ကောင်းများ ထွက်ပေါ်လာခဲ့ခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ် ရှေ့သို့ဆက်လက်ပြီး ရွေ့နေသည်ဆိုသည့် သင်္ကေတ တစ်ခုဖြစ်ကြောင်း ယနေ့ညီလာခံအပြီးတွင် ပြောကြားခဲ့သည်။



Credit : Frontier Myanmar

အခြားတဖက်တွင် ကရင်အမျိုးသားအစည်းအရုံး ဝါရင့်အဖွဲ့ဝင်တစ်ဦးဖြစ်သူ မန်းငြိမ်းမောင်က ညီလာခံမှထွက်ပေါ်လာသောရလဒ်များ အားတက်စရာမဖြစ်ရခြင်းမှာ အစိုးရနှင့် တပ်မတော်ခေါင်းဆောင်များသည် တိုင်းရင်းသားများ၏ စိုးရိမ်ပူပန်မှုများကို နားမလည်သောကြောင့်ဖြစ်ကြောင်း ပြောခဲ့သည်။

ညီလာခံအပြီးတွင် သဘောထားထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး အစည်းအဝေးများကို နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့်အညီ ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ် ၁ ကြိမ်၊ ၂၀၁၉ ခုနှစ်အတွင်း ၂ကြိမ် ကျင်းပနိုင်ငံရေး ဦးတည် ကြိုးပမ်းသွားမည်ဟု ထည့်သွင်း ထုတ်ပြန်ခဲ့သည်။ ညီလာခံ ၃ ကြိမ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု၏အခြေခံအုတ်မြစ်အဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေး ဦးတည်ကြိုးပမ်းသွားမည်ဟု သဘောထားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သဘောထားထုတ်ပြန်ကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန- ၂ ၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ညီလာခံသို့ အစုအဖွဲ့အားလုံးမှ ညီလာခံကိုယ်စားလှယ်(၇၀၀)ဦး၊ အထူးဖိတ်ကြား၍ တက်ရောက်သူ(၂၉)ဦး၊ လေ့လာသူ(၂၀၄)ဦး၊ အကျိုးဆောင်(၂၇)ဦးနှင့် အထောက်အကူပြု (၁၅၂)ဦး တက်ရောက်ခဲ့ကြပြီး ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ကာ ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးသို့ တက်ရောက်ကြသော ညီလာခံကိုယ်စားလှယ်များက အောက်ပါရည်မှန်းချက်များ ပြည့်ဝစေရေး ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုခဲ့ကြပါသည်။

(က) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံအစည်းအဝေးများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်အညီ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ်(၁)ကြိမ်၊ ၂၀၁၉ ခုနှစ်အတွင်း (၂)ကြိမ် ကျင်းပနိုင်ရေး

(ခ) ဆက်လက်ကျင်းပမည့် ညီလာခံတစ်ကြိမ်စီသို့ ဦးတည်သည့် အဆင့်ဆင့်သော အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပပြီး ညီလာခံ(၃)ကြိမ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု၏ အခြေခံအုတ်မြစ်အဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများကို ချမှတ်နိုင်ရေး

(ဂ) ဆက်လက်ကျင်းပမည့် ညီလာခံများတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများကို အုတ်မြစ်အဖြစ်ချမှတ်နိုင်ရေးအတွက် အစုအဖွဲ့အသီးသီးက ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ အစည်းအဝေးများကို လိုအပ်သလို ကျင်းပသွားနိုင်ရေး။

(၃) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု၊ ညီလာခံကိုယ်စားလှယ်များက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

## လူငယ်များ၏ စကားသံများ [16]

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များအပြင် တက်ကြွစွာ လှုပ်ရှားနေသော လူငယ်များသည်လည်း ညီလာခံသို့ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့သုံးသပ်သည့်အချက်များ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လူငယ်များ၊ အမျိုးသမီးများနှင့် အခြေခံလူထုအဆင့်ရှိ အခြားသောသူများကို ထည့်သွင်းခြင်းမရှိကြောင်း ပြောကြားခဲ့ကြသည်။



Credit : *Karen Information Center*

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သူ အိသဉ္ဇာမောင်က ကချင်ပြည်နယ်တွင် စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြသည့် လူငယ်များကိုဖမ်းဆီးခြင်းအတွက် သူမအနေနှင့် အလွန်ပင် တုန်လှုပ်ချောက်ချားမိကြောင်း သူမ၏အမြင်ကို ပြောပြခဲ့သည်။

"ကချင်ပြည်နယ်မှာ အစိုးရကို စစ်ပွဲရပ်တန့်ခိုင်းတဲ့သူတွေနဲ့ ငြိမ်းချမ်းရေးကဗျာတွေကို ဖတ်တဲ့သူတိုင်း အဖမ်းခံ၊ တရားစွဲဆိုခံနေရတယ်၊ အဖွဲ့အမျိုးမျိုးက အာဏာရှိတဲ့ခေါင်းဆောင်တွေကတော့ ငြိမ်းချမ်းရေးညီလာခံကျင်းပနေကြတယ်။ ဒါပေမယ့် အောက်ခြေမှာရှိတဲ့ ပြည်သူတွေအတွက် ၊ အမျိုးသမီးနဲ့ လူငယ်တွေအတွက်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာပါဝင်ဖို့ အတွက် သူတို့အခွင့်အရေးကတော့ ကန့်သတ်မှုတွေရှိနေခဲ့ပါတယ်။ "

ကချင်ပြည်နယ်လူငယ်သမဂ္ဂအဖွဲ့မှ ခွန်ဘားနက်က "ညှိနှိုင်းပေးသူတွေရဲ့ လိုအပ်ချက်ကတော့ တိုင်းရင်းသားလူမျိုးစုငယ်တွေအတွက် သူတို့ရဲ့ရည်မှန်းချက်ပန်းတိုင်နဲ့ တန်းတူညီမျှမှုအတွင်း ဟန်ချက်ညီညီရှိအောင် ကြိုးပမ်းပေးဖို့ပါပဲ " ဟု ပြောခဲ့သည်။

"ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားအဖွဲ့တွေ အများအပြားရှိပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးအကြောင်း ပြောတဲ့အခါမှာ တိုင်းရင်းသားတွေ တန်းတူညီမျှရေး၊ ဖက်ဒရယ်အကြောင်းအရာတွေနဲ့သမိုင်းကို ကျွန်တော်တို့စဉ်းစားပေးခြင်းအားဖြင့် ဟန်ချက်ညီညီရှိစေဖို့ ကျွန်တော်တို့ လုပ်ဆောင်ရပါမယ်။ တိုင်းရင်းသားအဖွဲ့တိုင်းက တစ်ဖွဲ့နဲ့တစ်ဖွဲ့ အသိအမှတ်ပြုပေးဖို့နဲ့ လေးစားမှုရှိဖို့ လိုပါတယ်၊ ဒီတတိယအကြိမ်ပင်လုံညီလာခံမှာ တက်ရောက်လာကြတဲ့တိုင်းရင်းသားအဖွဲ့တွေအားလုံးနီးပါးကို တွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်၊ နေရာဒေသတွေအားလုံးမှာ သူတို့တိုက်ပွဲတွေရပ်ပြီးမှသာ ခေါင်းဆောင်တွေအားလုံးကို ကျွန်တော်တို့ ငြိမ်းချမ်းရေးအကြောင်း ဆွေးနွေးစေချင်ပါတယ်။"

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦးမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ လင်းလက်ကြယ်စင်က ယခင်စစ်အစိုးရရေးဆွဲထားပြီး ဆက်လက်နေရာယူနေဆဲဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရှိနေစဉ်အတွင်း လက်ရှိပင်လုံကျင်းပရခြင်းအကြောင်းကို သဘောမတူကြောင်း ပြောခဲ့သည်။

"လက်ရှိအစိုးရအာဏာပိုင်တွေ ပြောသွားတာတွေက ထိထိမိမိရှိပါတယ်၊ ဒါပေမယ့် တပ်မတော်အကြီးအကဲပြောသွားတာကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ခြိမ်းခြောက်နေတာနဲ့တူပါတယ်။ ကျွန်မတို့ ဒီလိုမျိုးမဖြစ်စေချင်ပါဘူး။ သူတို့ကို အမှန်အတိုင်းပဲ လိုလိုချင်ချင် ပြောစေချင်ပါတယ်၊ ဒါမှသာ အတိတ်ကို သင်ခန်းစာယူပြီး ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို ကျွန်မတို့ ရရှိနိုင်မှာပါ။"

## ညီလာခံပြင်ပ ဆွေးနွေးမှုများ [17-18]

ညီလာခံကျင်းပသည့် ရက်သတ္တပတ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ခေါင်းဆောင်များနှင့် အပစ်ရပ်လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့များ၊ လက်မှတ်မထိုးရသေးသည့်အဖွဲ့များ စသည်တို့အတွင်း သီးသန့်တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

- ဒေါ်အောင်ဆန်းစုကြည်သည် ဆယ်စုနှစ်များကြာ ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရန် ရည်ရွယ်သည့် ငြိမ်းချမ်းရေးကနဦးရရှိရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ဖြစ်ပေါ်လာစေရန်နှင့် တိုင်းရင်းသားများကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိမှုများနှင့်ပတ်သက်၍ နောက်ထပ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်အတွက် အစိုးရနှင့်အပစ်ရပ်စာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ဖွဲ့နှင့် ဇူလိုင်လ(၁၃)ရက်နေ့၊ သောကြာနေ့တွင် တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အချိန်ဇယားချမှတ်ဆောင်ရွက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ကြုံတွေ့ရသည့် အခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေရေး၊ ထိုသို့နည်းလမ်းများရှာဖွေနိုင်ရန်အတွက် အဓိကကျသည့် ခေါင်းဆောင်များအကြား ပိုမိုနီးကပ်စွာရှေ့သို့ ဆွေးနွေးနိုင်ရေးကို ဆွေးနွေးခဲ့ကြသည်။

- အစောပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် NCA လက်မှတ်မရေးထိုးထားသည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့များဖြစ်သည့် ရက္ခိုင်တပ်မတော် (AA) ၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNDAA)၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)နှင့် ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA)၊ ရှမ်းပြည်နယ်တိုးတက်ရေးပါတီ/ရှမ်းပြည်နယ်တပ်မတော်(SSPP/SSA)နှင့် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်(NDAA-မုန်းလားအဖွဲ့) စသည်ဖြင့် ၎င်းတို့အဖွဲ့များ၏ ကိုယ်စားလှယ်များနှင့် တိုက်ပွဲများ လျော့ကျရန်၊ အစိုးရ၏ NCA ကို လက်မှတ်ရေးထိုးရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ရန်အတွက် တွေ့ဆုံခဲ့သည်။

ဝ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်ဦးဆောင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့ ပါဝင်သည့် မြောက်ပိုင်းမဟာမိတ်အဖွဲ့ဟုခေါ်ဆိုသည့် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များသည် ပင်လုံညီလာခံပြင်ပတွင် တပ်မတော်ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့သည်။

- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယခင်က နှစ်ဦးနှစ်ဖက်အပစ်ရပ်လက်မှတ်ရေးထိုးထားသော်လည်း NCA လက်မှတ်မရေးထိုးသေးသည့်အဖွဲ့ ၄ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ထိုအဖွဲ့များမှာ UWSA ၊ ကချင်လွတ်မြောက်ရေးတပ်မတော်၊ မိုင်းလားအခြေစိုက်မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတပ်မတော်စသည်တို့မှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့သည်။

- ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နှစ်ဦးနှစ်ဖက်အပစ်ရပ်စာချုပ်တခါမှမထိုးဖူးသေးသော NCA လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့ ၃ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုအဖွဲ့များမှာ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ရက္ခိုင်တပ်မတော်နှင့် ကိုးကန့်အခြေစိုက်-မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်စသည်တို့ ဖြစ်ကြသည်။

အစည်းအဝေးနစ်ရပ်စလုံးတွင် ဆွေးနွေးမှုများမှတဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ တိုးတက်မှုများရရှိလာစေရန်နှင့် NCA လက်မှတ်ရေးထိုးရန် ဆွေးနွေးခဲ့ကြသည်။

## အကိုးအကားများ


1. Myanmar Times, *Panglong opens; leaders call for peace process to move forward* https://www.mmtimes.com/news/panglong-opens-leaders-call-peace-process-move-forward.html

2. Radio Free Asia, *Myanmar Opens New Round of Delicate Peace Talks With Ethnic Armies* https://www.rfa.org/english/news/myanmar/myanmar-opens-new-round-of-delicate-peace-talks-with-ethnic-armies-07112018164545.html

3. Radio Free Asia, *Myanmar Opens New Round of Delicate Peace Talks With Ethnic Armies* https://www.rfa.org/english/news/myanmar/myanmar-opens-new-round-of-delicate-peace-talks-with-ethnic-armies-07112018164545.html

4. Myanmar Times, *Panglong opens; leaders call for peace process to move forward* https://www.mmtimes.com/news/panglong-opens-leaders-call-peace-process-move-forward.html

5. Frontier Myanmar, *Tatmadaw intransigence and the quest for peace* https://frontiermyanmar.net/en/tatmadaw-intransigence-and-the-quest-for-peace

6. Burma News International, *National solidarity should be built through equality, not military pressure – KNU says* https://www.bnionline.net/en/news/national-solidarity-should-be-built-through-equality-not-military-pressure-knu-says

7. Frontier Myanmar, *Peace conference opens amid low expectations and calls for reform* https://frontiermyanmar.net/en/peace-conference-opens-amid-low-expectations-and-calls-for-reform

8. Xinhua, *Myanmar's peace process reaches another milestone as Panglong peace conference ends* http://www.xinhuanet.com/english/2018-07/17/c_137330108.htm

9. The Minichai, *Myanmar peace conference reaches more agreements for future union* *https://mainichi.jp/english/articles/20180717/p2g/00m/0fp/010000c*

10. Xinhua, *Myanmar's peace process reaches another milestone as Panglong peace conference ends* http://www.xinhuanet.com/english/2018-07/17/c_137330108.htm

11. The Minichai, *Myanmar peace conference reaches more agreements for future union* *https://mainichi.jp/english/articles/20180717/p2g/00m/0fp/010000c*

12. Radio Free Asia, *Aung San Suu Kyi Calls For New Strategy, Patience in Myanmar Peace Talks* https://www.rfa.org/english/news/myanmar/assk-talks-07162018164840.html

13. Xinhua, *Myanmar's peace process reaches another milestone as Panglong peace conference ends* http://www.xinhuanet.com/english/2018-07/17/c_137330108.htm

14. The Minichai, *Myanmar peace conference reaches more agreements for future union* *https://mainichi.jp/english/articles/20180717/p2g/00m/0fp/010000c*

15. The Global New Light of Myanmar, *Declaration of the Third Session of the Union Peace Conference — 21st Century Panglong* http://www.globalnewlightofmyanmar.com/declaration-of-the-third-session-of-the-union-peace-conference-21st-century-panglong/

16. Radia Free Asia, *Myanmar Opens New Round of Delicate Peace Talks With Ethnic Armies* https://www.rfa.org/english/news/myanmar/myanmar-opens-new-round-of-delicate-peace-talks-with-ethnic-armies-07112018164545.html

17. Radio Free Asia, *Aung San Suu Kyi Tells Ethnic Armies More Talks Needed to Advance Myanmar Peace Process* https://www.rfa.org/english/news/myanmar/aung-san-suu-kyi-tells-ethnic-armies-more-talks-needed-07132018160020.html

18. Radio Free Asia, *Aung San Suu Kyi, Military Chief Discuss Peace Process With Ethnic Armies* https://www.rfa.org/english/news/myanmar/aung-san-suu-kyi-military-chief-discuss-peace-process-with-ethnic-armies-07122018160118.html

# နောက်ဆက်တွဲ

**ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း( ၂)**

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ( ၂၁) ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးအားနေပြည်တော်၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်( ၁၁) ရက်မှ ( ၁၆) ရက် နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။

(၂) ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)က အဆိုပြုတင်သွင်းလာသော မူဝါဒ အဆိုပြုချက်များအပေါ် ကဏ္ဍလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြု ချက်များကို ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းများအဖြစ် သဘောတူညီမှုရရှိခဲ့ပါသည်။

(၃) ဤညီလာခံကြီးတွင် သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)နှင့် ဆက်လက် ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူစာချုပ် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အ ဖြစ် လက်မှတ်ရေးထိုးကြမည်ဖြစ်ပါသည်။

(၄) ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)မှာ

(က) နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၄)ချက်၊

(ခ) စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၁)ချက်၊

(ဂ) လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၇)ချက်၊

(ဃ) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူ သဘောတူညီချက် (၂)ချက်၊ စုစုပေါင်း(၁၄)ချက်ဖြစ်ပြီး နောက် ဆက်တွဲ- (က) (ခ) (ဂ) (ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါသဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပိုဒ် ၂၀ (င)အရ ပြည် ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအ ဝေးတွင် အစုအဖွဲ့အသီးသီး၏ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

**နောက်ဆက်တွဲ( က)**

**နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်**

**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)**

**ကျား/ မ ဆိုင်ရာ တန်းတူညီမျှမှု**

( ၁) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ ကျား/မ ဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူ ညီမျှမှုရှိစေရေးအတွက် မူဝါဒချမှတ်ရမည်။

( ၂) ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်။

( ၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင် ငံတော်သည် ကျား/မ ရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၄) ကျား/မ ဆိုင်ရာ တန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်။

**နောက်ဆက်တွဲ ( ခ)**

**စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်**

**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)**

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေးအကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်ခွင့်ရှိရမည်။ ထိုသို့ရေးဆွဲရာတွင် ပြည်ထောင်စုစီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို သဟဇာတဖြစ်စေရေးနှင့် ဆက်စပ်သော အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေး ထည့်သွင်း စဉ်းစားရန်။

**နောက်ဆက်တွဲ( ဂ)**

**လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်**

**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)**

၁။ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် အမျိုးသမီးများ အနည်းဆုံး(၃၀)ရာခိုင်နှုန်းပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

၂။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ် ဖော်ဆောင်ရန်။

၃။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) စနစ်ကို ဖော်ဆောင်ရန်။

၄။ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များအပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၅။ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်း စဉ်းစားရန်။

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ၊ အလွဲသုံးမှုဆိုင်ရာအန္တရာယ်လျှော့ချရေး (Harm Reduction) ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်သော မူဝါဒများ ချမှတ်ဆောင်ရွက်ရန်။

၇။ ကလေးသူငယ်အခွင့်အရေး ရရှိရန်နှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှု( ၆) ချက် ( Six GraveViolations) ပပျောက်ရေးကို ဦးတည်၍ စီမံချက်ချမှတ်ဆောင်ရွက်ရန်။

**နောက်ဆက်တွဲ ( ဃ)**

**မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူ သဘောတူညီချက်**

**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)**

**အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများ**

၁။ နိုင်ငံအတွင်းရှိ မြေယာများကို နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရ။

၂။ မြေယာကို အသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည်။

**SOURCE**: GLOBAL LIGHT OF MYANMAR http://www.globalnewlightofmyanmar.com/14-points-signed-as-part-ii-of-union-accord/

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

From the People of Japan
Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.